# မာတိကာ


- စာရေးသူ၏ ရင်တွင်းစကား ၅

၁။ ရွှေတိဂုံဘုရားကြီးပေါ်မှရခဲ့သော ဂါထာ ၇

၂။ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွင်း ရောက်ခဲ့ပုံ ၁၅

၃။ ထူးဆန်းသော အိပ်မက် ၂၃

၄။ ရွှေဆံတော်အမိဋ္ဌာန်စခန်း အံ့ဩဖွယ် ၃၃

၅။ အိမ်သို့ကြွလာသော အဘဘိုးဘိုးအောင် ၄၃

၆။ သိုက်နန်းရှင်နှင့် နဂါးမဘီလူးမများ ၅၁

၇။ ဘုမ္မစိုးနှင့် ကွင်းပိုင် ၆၁

၈။ အဆောင်ဆိုသည်မှာ ၇၁

၉။ စာတွေ့ကိုယ်တွေ့ပဋ္ဌာန်းတန်ခိုးတော် ၈၁

၁၀။ ပွဲတွေ့တစ္ဆေနိုင်ဆေး ၉၁

၁၁။ ကိုယ်ပျောက်ဂါထာ ၁၀၁

၁၂။ မြတ်မွန်ထေရ်ကျော် သံဃာတော် ၁၀၉

၁၃။ ကမ္မဋ္ဌာန်းရှုမ မနှင်းမြ ၁၁၇

၁၄။ မေတ္တာတန်ခိုးရှင် ရွှေဥမင်ဆရာတော်ဘုရား ၁၂၅

၁၅။ အတ္တမျက်ရည်နှင့် ဝိပဿနာစွမ်းအား ၁၄၁


## စာရေးသူ၏ ရင်တွင်းစကား

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဝီရိယ၊ ပညာ၊ လေးဖြာသောရှာနိဆိုတဲ့ သူတော်ကောင်းဥစ္စာ (၇) ပါးကို သိပြီးသားဖြစ်ကြမှာပါ။

သဒ္ဓါတရားဆိုတာ ထပ်ဆုံးက ရှိနေပြီး အရင်းခံကျတဲ့ တရားလည်းဖြစ်ပါတယ်။ ဘုရားကို ယုံကြည်လို့၊ ကြည်ညိုကိုးကွယ်တယ်။ တရားကို ယုံကြည်လို့ ကျင့်ကြံအားထုတ်တယ်၊ သံဃာတော်အရှင်မြတ်တွေကို ယုံကြည်လို့ လှူဒါန်းပူဇော်ကြတယ်။ ဒါဟာ ဘုရားဟောဒေသနာတော်တွေအရ (ဒါန၊ သီလ၊ ဘာဝနာ) (သီလ၊ သမာဓိ၊ ပညာ) တစ်ဆင့်ပြီးတစ်ဆင့် ဆက်ထုံးထားတဲ့ ရတနာပန်းနိုင်တွေပါပဲ။ တစ်နည်းအားဖြင့် ပါရမီတော်ခံအလျောက် သမထတန်ခိုးနဲ့ ဝိပဿနာပညာတွေကို ပေါင်းစပ်ဖြည့်ဆည်းလို့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဘဝသံသရာက လွတ်မြောက်ပြီး နိဗ္ဗာန်ဆောင်ကမ်း ဆိုက်ကပ်ရေးကြိုးပမ်းကြရတာပဲ ဖြစ်ပါတယ်။

သို့ပေမယ့်…မျက်မှောက်ခေတ်ကာလမှာ လူအတော်များများဟာ အမျိုးမျိုးသော ပယောဂတွေရဲ့ မှိုင်းတိုက်မှုကြောင့် ကိုယ့်ဘာသာ၊ သာသနာကို တန်ဖိုးထားလေးစားခြင်း အားနည်းလာရာက မယုံသံသယတွေ ပွားနေကြတာတွေ့ရပါတယ်။ သံသရာကို မယုံဘူးဆိုရင် ရှေးဘဝ၊ နောက်ဘဝတွေရှိတယ်ဆိုတာ မယုံတော့တဲ့အခါပွါယ်ပေါ့။ လူ့လောက တစ်ဘဝတည်းရှိတယ် ပြောရင်လည်း နတ်ဘဝ၊ အပယ်လေးဘုံဘဝ၊ ပရလောက ဆိုတာတွေလည်း လက်မခံနိုင်တော့ဘူးဆိုပါတော့။ နိဗ္ဗာန်ဆိုတာ တကယ်ရှိပါ့မလား တွေးလာရင်တော့ ဘုရားကို ကန့်လန့်တိုက် ဆန့်ကျင်ရာရောက်သွားပါလိမ့်မယ်။

ခုစာအုပ်မှာ တင်ပြထားတဲ့ အဖြစ်အပျက်တွေဟာ စာရေးသူရဲ့ အတွေ့ အကြုံတွေကို အစစ်အမှန်ဖော်ထုတ် ရေးသားထားတာတွေ ဖြစ်ပါတယ်။ လုပ်ကြံမန်တီးမှု တွေ ချဲ့ကားဝါကြွားမှုတွေ မရှိပါဘူး။ မြတ်ပန်းရဲ့ ဘာသာရေးစာစောင်၊ ရွှေပန်းမဂ္ဂဇင်း၊ ဓမ္မဒိပ်ဂျာနယ်တွေမှာပါတဲ့ ဆောင်းပါးတွေကို စုစည်းထားလိုက်တာပါပဲ။ ရည်ရွယ်ချက် ကတော့ ဒီနေ့ခေတ် လူငယ်လူရွယ်တွေ ဘုရား၊ တရား၊ သံဃာ…ရတနာသုံးပါးရဲ့ တန်ခိုးတော်တော် အနုဘော်၊ ဂုဏ်ကျေးဇူးတော်တွေကို သိရှိနားလည်ပြီး ယုံကြည်သက်ဝင် လာစေဖို့သာ ရည်မှန်းပါတယ်။ ဒါ့မှလည်း…အတွေးအမြင်တွေ မှန်ကန်လို့ ကောင်းမှုကုသိုလ် တွေ တိုးပွားလာရသလို ဘာသာရေးခံတပ်ကြီး ခိုင်ခိုင်မာမာဖြစ်ပြီး ဗုဒ္ဓဘာသာရဲ့အနှစ်ရာယ် တွေကို ကာကွယ်စောင့်ရှောက်ရင်း သာသနာတော်ကြီး ဖွံ့ဖြိုးစည်ပင်အောင် စွမ်းဆောင် နိုင်ကြမှာပါ။

ဒီလိုစေတနာနဲ့ ဧစ်စေဆော်တိုက်တွန်းချက်အရ စာဖတ်သူတွေ တစ်စုံတစ်ရာ အသိပညာရလို့ အကျိုးပြုနိုင်မယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ။

(ဒိန္န သာသနံ စိရံ တိဋ္ဌတု)